**TMH Telecom Public Company Limited ၏၂၀၂၀-၂၁ခုနှစ်မတ်လ (၃၁) ဘဏ္ဍာရေးစာရင်းရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များကိုထုတ်ပြန်ကြေငြာခြင်း**

အောက်ဖော်ပြပါသုံးသပ်ချက်များသည်TMH Telecom Public Company Limited ၏ ၂၀၂၁ခုနှစ်၊မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများကို အခြေခံထားသောသုံးသပ်ထုတ်ပြန်ကြေငြာချက်ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။

ငွေကြေးဖော်ပြချက်အားလုံးသည်မြန်မာကျပ်ငွေဖြင့်ဖော်ပြထားပါသည်။

**အနှစ်ချုပ်တင်ပြချက်များ**

**ကုမ္ပဏီ၏ဝင်ငွေရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက် (ကျပ်ထောင်ပေါင်း)**

| | HY 2020-21<br>Ks' 000 | HY 2019-20<br>Ks' 000 | % Change |
|---|---|---|---|
| Revenue | 1,570,588 | 2,984,114 | -47% |
| Cost of Goods Sold | (903,276) | (1,551,268) | -42% |
| **Gross Profit** | **667,312** | **1,432,846** | **-53%** |
| Other Income | 87,647 | 175,950 | -50% |
| **Expense** | **(838,060)** | **(1,168,764)** | **-28%** |
| Profit/(Loss) Before Tax | (83,101) | 440,033 | -119% |
| Tax Expense | | (88,007) | |
| **Net Profit/ (Loss) After Tax** | **(83,101)** | **352,026** | **-124%** |
| Fair value adjustment of Investments | (80,85) | (17,325) | -53% |
| Total Comprehensive Income | (91,186) | 334,701 | -127% |
| Basic EPS (MMK) | | 27 | |

တီအမ်အိတ်ချ်ကုမ္ပဏီသည် ယခုနှစ် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်ဝက်ကာလတွင် Covid_19 ဒုတိယလှိုင်း၏ ရိုက်ခတ်မှုနှင့် လက်ရှိဖြစ်ပေါ်နေသော အကြပ်အတည်းအခြေအနေကြောင့် ဖိုင်ဘာသွယ်တန်းခြင်းဆိုင်ရာလုပ်ငန်းများနှင့် ဖုန်းငွေဖြည့်ကဒ် ဖြန့်ဖြူးရောင်းချခြင်းစသည့် လုပ်ငန်းတို့တွင် လုပ်ငန်းဆောင်ရွက်ရန် အကန့်အသတ်များစွာရှိခဲ့သဖြင့် ယခုနှစ် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေး နှစ်ဝက်၏ ဝင်ငွေသည် (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်ဝက်နှင့်နှိုင်းယှဉ်ပါက ကျပ်(၁.၄)ဘီလီယံ ကျဆင်းခဲ့ရပါသည်။ အခြားဝင်ငွေသည်လည်းယခင်ဘဏ္ဍာရေးနှစ်ဝက်ထက် (၀.၀၉)ဘီလီယံလျော့နည်းခဲ့ပါသည်။ ကုမ္ပဏီ၏ ယခုနှစ်ဝက်နှင့် ယခင်နှစ်ဝက်ကာလတွင်ရရှိသောဝင်ငွေကို အောက်ဖော်ပြပါဇယားအတိုင်း နှိုင်းယှဉ် ဖော်ပြအပ်ပါသည်။

| | HY 2020-21 | HY 2019-20 |
|---|---|---|
| | Ks'000 | Ks'000 |
| - IFM project | 948,872 | 1,014,375 |
| - Fiber Project | | 547,736 |
| - Mobile Project | 305,817 | 566,692 |
| - Other Project | 315,899 | 855,311 |

ယခုနှစ်ဝက်(၂၀၂၀-၂၀၂၁)တွင် လုပ်ငန်း၏ အခွန်အခများမပေးဆောင်မီအရှုံးသည် (၀.၀၈) ဘီလီယံရှိခဲ့သော်လည်း ယခုနှစ်၏ လုပ်ငန်းသုံးနှင့် စီမံခန့်ခွဲမှုစရိတ်များကိုယခင်နှစ်ကထက် ပိုမိုကျစ်လစ်သော အသုံးစရိတ်များ ဖြစ်စေရန် စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။ Available-for-Sale ရင်းနှီးမြှုပ်နှံမှုများ၏ တန်ဖိုးကို ပြန်လည် သတ်မှတ်ရာ First Myanmar Investment Co., Ltd (FMI) မှ ဝယ်ယူထားရှိသော ရှယ်ယာများကို ယခုဘဏ္ဍာရေးနှစ်ဝက်ကာလ၏ စာရင်းပိတ်ချိန်တွင်ရှိသောဈေးကွက် ရှယ်ယာဈေးနှုန်းနှင့်အညီ တန်ဖိုးပြန်လည် သင့်ထားပါသည်။

**Address : No. 54, Eastern Business Centre,Level5, Lay DaungKan Road, Thingangyun T/S, Yangon, Myanmar**

**Phone :+951 8550348, +951 8550936**

**Website:** [www.tmhtelecom.com](http://www.tmhtelecom.com)

## ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက်

| Assets | HY 2020-2021<br>Ks' 000 | HY 2019-2020<br>Ks' 000 | % Change |
|---|---|---|---|
| Total Non-Current Assets | 3,797,754 | 3,916,098 | -3% |
| Total Current Assets | 12,592,927 | 12,970,585 | -3% |
| **Total Assets** | **16,390,681** | **16,886,683** | **-3%** |
| **Equity & Liabilities** | | | |
| Total Equity | 15,265,895 | 16,081,918 | -5% |
| Total Liabilities | 1,124,786 | 804,765 | 40% |
| **Total Equity & Liabilities** | **16,390,681** | **16,886,683** | **-3%** |

ကုမ္ပဏီ၏ လက်ငင်းရပိုင်ခွင့်သည် ယခုဘဏ္ဍာရေးကာလတွင် (၃) ရာခိုင်နှုန်းကျဆင်းရခြင်းမှာ ကြိုတင်အသုံးစရိတ်များသည် ယခုကာလတွင် စရိတ်အဖြစ် အသိအမှတ်ပြု စာရင်းရေးသွင်းရန်အတွက် အချိန်ကျရောက်လာခြင်းကြောင့် ဖြစ်ပါသည်။ ကုမ္ပဏီ၏ အခြားရင်းနှီးမြှုပ်နှံမှုရှိ ရှယ်ယာတန်ဖိုးများကိုကာလတန်ဖိုးနှင့်အညီ ပြန်လည်တန်ဖိုးသင့်ခဲ့ခြင်းကြောင့် လက်ငင်းမဟုတ်သော ရပိုင်ခွင့်သည်လည်းယခုဘဏ္ဍာရေးနှစ်ဝက်ကာလ (၂၀၂၀-၂၀၂၁) တွင် (၃) ရာခိုင်နှုန်းကျဆင်းခဲ့ရပါသည်။

လက်ငင်းပေးရန်တာဝန်သည် ၂၀၂၁ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့တွင် (၁.၁) ဘီလီယံရှိပြီး ယခင်နှစ်ကထက် များလာခြင်းသည် နောက်နှစ်ဝက်ကာလတွင်ပေးဆောင်ရန် တာဝန်ကျရောက်သည့် အခွန်အခစရိတ်များ ပါဝင်နေခြင်းကြောင့် ဖြစ်ပါသည်။

**Address : No. 54, Eastern Business Centre,Level5, Lay DaungKan Road, Thingangyun T/S, Yangon, Myanmar**

**Phone :+951 8550348, +951 8550936**

**Website: www.tmhtelecom.com**

**သုံးသပ်ချက် နှင့် ရှေ့ အလားအလာ**

တီအမ်အိတ်ချ်ကုမ္ပဏီ၏စီမံခန့်ခွဲရေးအဖွဲ့မှတင်ပြလိုသည်မှာ အချို့သောစီမံကိန်းလုပ်ငန်းသစ်များမှာ လက်ရှိအခြေအနေများကြောင့် ရပ်ဆိုင်းထားရမှုရှိခြင်း ၊ ဖုန်းငွေဖြည့်ကဒ်များ ဖြန့်ဖြူးရောင်းချမှုသည် ကြားကာလတွင် အနည်းငယ်ကျဆင်းမှုရှိခြင်းနှင့် ဖိုင်ဘာသွယ်တန်းမှုလုပ်ငန်းများဆောင်ရွက်ရာတွင် အကန့်အသတ်များရှိခြင်းကြောင့် ယခုနှစ်၏ နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်း (၁-၁၀-၂၀၂၀ မှ ၃၁-၃-၂၀၂၁ အထိ) ဖော်ပြချက်အရဘဏ္ဍာရေးရလဒ်များကျဆင်းမှုရှိခြင်းကို တွေ့မြင်ရပါသည်။ ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့သည် လက်ရှိ Covid-19 ကပ်ရောဂါဘေးနှင့် အကြပ်အတည်းများကြားမှ အစုရှယ်ယာရှင်များ၏ အကျိုးအမြတ်ကို ထိခိုက်မှုမရှိစေရန်အတွက် ဝန်ထမ်းများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းလည်ပတ်မှုဆိုင်ရာအသုံးစရိတ်များကိုလည်း အထိရောက်ဆုံးနှင့် အကျစ်လစ်ဆုံး ဖြစ်စေ ရန် စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။

ကုမ္ပဏီသည်ယခုကာလအတွင်း ဖုန်းငွေဖြည့်ကဒ်ရောင်းချဖြန့်ဖြူးမှုတွင် အနည်းငယ်ထိခိုက်မှုရှိခဲ့သော်လည်း မိုဘိုင်းတာဝါတိုင်များ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများမှာ ပုံမှန်အတိုင်း လည်ပတ်လျက်ရှိပါသည်။ TMH ကုမ္ပဏီ၏အစုစပ်ကုမ္ပဏီဖြစ်သော Myanmar GT Broadband Co., Ltd သည် ယခုကာလအတွင်း FTTX အင်တာနက်သုံးစွဲသူများထပ်မံတိုးပွားလာမှုရှိခဲ့ပါသည်။

တီအမ်အိတ်ချ်ကုမ္ပဏီ၏စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့်အခြားရရှိလာနိုင်သောအခွင့်အလမ်းများကို အသုံးချခြင်းဖြင့် အလားအလာရှိသောလုပ်ငန်းသစ်များကိုလည်း ထပ်မံအကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ကုမ္ပဏီအနေဖြင့် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန်နှင့် ကျန်ရှိနေသောဘဏ္ဍာနှစ်ကိုလည်း လုပ်ငန်းများအားလုံး ကောင်းမွန်သောရလဒ်များဖြစ်ပေါ်စေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၁ခုနှစ်၊ဇွန်လ (၃၀) ရက်။

# Management Discussion and Analysis of TMH Telecom Public Company Limited
## For the Year ended 31st March, 2021

The following Management Discussion and Analysis ("MD&A") is based on Financial Statements of **TMH Telecom Public Limited** for the year ended 31st March 2021 HY (2020-2021) and should be read in conjunction with those financial Statements.

All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

**Results Summary**

**Summary of Income Statement**

**All Amount in K'000**

| | HY 2020-21 Ks' 000 | HY 2019-20 Ks' 000 | % Change |
|---|---|---|---|
| Revenue | 1,570,588 | 2,984,114 | -47% |
| Cost of Goods Sold | (903,276) | (1,551,268) | -42% |
| **Gross Profit** | **667,312** | **1,432,846** | **-53%** |
| Other Income | 87,647 | 175,950 | -50% |
| **Expense** | **(838,060)** | **(1,168,764)** | **-28%** |
| Profit/(Loss) Before Tax | (83,101) | 440,033 | -119% |
| Tax Expense | | (88,007) | |

| | | | |
|---|---|---|---|
| **Net Profit/ (Loss) After Tax** | **(83,101)** | **352,026** | **-124%** |
| Fair value adjustment of Investments | (80,85) | (17,325) | -53% |
| Total Comprehensive Income | (91,186) | 334,701 | -127% |
| Basic EPS (MMK) | | 27 | |

TMH Company's revenues for the first half of this fiscal year (2020 – 2021) was MMK 1.4 billion lower than the previous half of the fiscal year (2019-2020). This was mainly due to the impact of Covid-19 pandemic and the current situation in Myanmar. It led business such as fiber optic installation and top - up card distribution have some limitations on implementation. Other incomes had been decreased to 0.09 billion compared to previous fiscal year. The following table is shown the details of revenue segments of the company.

| | HY 2020-21 | HY 2019-20 |
|---|---|---|
| | Ks'000 | Ks'000 |
| - IFM project | 948,872 | 1,014,375 |
| - Fiber Project | | 547,736 |
| - Mobile Project | 305,817 | 566,692 |
| - Other Project | 315,899 | 855,311 |

However, the company's net loss before tax was MMK 0.08 billion in this half of the fiscal year (2020-2021) and the operating and administrative expense was lower than the previous fiscal year. Fair value adjustment of available-for-sale investments for First Myanmar Investment Co., Ltd. (FMI) shares was adjusted according to the market price in the closing date of this half of the fiscal year.

**Summary of Balance Sheet**

| Assets | HY 2020-2021 Ks' 000 | HY 2019-2020 Ks' 000 | % Change |
|---|---|---|---|
| Total Non-Current Assets | 3,797,754 | 3,916,098 | -3% |
| Total Current Assets | 12,592,927 | 12,970,585 | -3% |
| **Total Assets** | **16,390,681** | **16,886,683** | **-3%** |
| **Equity & Liabilities** | | | |
| Total Equity | 15,265,895 | 16,081,918 | -5% |
| Total Liabilities | 1,124,786 | 804,765 | 40% |
| **Total Equity & Liabilities** | **16,390,681** | **16,886,683** | **-3%** |

The reason of the decrease of the current assets by 3% in this half of fiscal year (2020-2021) was some of the expenditure had been recognized as cost of goods sold. The Non-current assets also decreased by 3% in this half of fiscal year (2020-2021) was due to the fair value measurement of share value on other investments.

The current liabilities in HY (2020-21) increased to MMK 1.1 Billion as of 31st March 2021 was caused by the tax obligations to be paid in the next financial period.

**Review and Going Forward**

The management of the Company (TMH) would like to report that during Covid-19 pandemic and current situation in Myanmar, some of the new projects have been suspended and business such as prepaid top-up card distribution and fiber optic installation services have some limitations on operation. This caused negative impacts on our financial results of this half of the fiscal year. However, the Management team is keen on working with employees to ensure that the benefits of our shareholders and manage the costs and resources of the business to make it more efficient and economically viable during this difficult times.

Although the sales and distributions of prepaid top-up card in this period was decreased, our BTS maintenance projects are running stably and regularly. The broadband internet users of Myanmar GT Broadband Co., Ltd, one of our associate company, has increased in the period.

Moreover, the management team of the company (TMH) will continue to implement the potential new projects in related business areas of the company and grow all these business with best efforts to achieve better outcomes in the second half of the financial year.

By order of the Board,

Thiha Lwin

Managing Director

30th June, 2021